# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 31, 2019 Volume 19, Number 22


| ၃၁.၅.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၁/-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၈၀၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၀ ကျပ် |
| CBM Rate | = ၁၅၃၂.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၈.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၃.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၀.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၂.၀၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၄၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၆၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၄၀၄ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပမှဘဲဥများ တရားမဝင် ဝင်ရောက်လာခြင်းကို တားဆီးပေးရန် ဘဲမွေးမြူသူများတောင်းဆို



ပြည်တွင်း ဈေးကွက်အတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် ပြည်ပဘဲဥများ တရားမဝင်ဝင်ရောက်လာခြင်းကိုတားဆီးပေးရန် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနထံ တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးရှိ ဘဲမွေးမြူရေးလုပ်ငန်းရှင်များကဆိုသည်။ ထိုကဲ့သို့ ပြည်ပနိုင်ငံများမှ ဘဲဥများ တရားမဝင် ဝင်ရောက်လာပြီးနောက်ပိုင်းတွင် ပြည်တွင်းဘဲမွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုများရှိလာသည့်အပြင်၊ အသေးစားဘဲမွေးမြူရေးလုပ်ငန်းရှင်အချို့သည် လုပ်ငန်းရပ်နားရမှုများရှိလာကြောင်း ပုသိမ်ကြီးမြို့နယ်မှ ဘဲမွေးမြူရေးလုပ်ငန်း ရှင် ဦးခိုင်ဝင်းပြောသည်။ တရားမဝင် နည်းလမ်းနဲ့ နယ်စပ်ကနေ ပြည်တွင်းကိုဘဲဥတွေဝင်လာတော့ ပြည်တွင်းကဘဲဥတွေဈေးကွက်ဝေစုလျော့လာတယ်။ နောက်တစ်ချက်က ဘဲဥကတရားမဝင်ဆိုတော့ အခွန်မပေးရဘူး။ အခွန်မပေးရတော့ ပြည်တွင်းဘဲဥထက်ဈေးလျော့ ရောင်းပေးလို့ရတယ်ဟု ဦးခိုင်ဝင်းကပြောသည်။

ပြည်ပမှ ဘဲဥများ တရားမဝင် ဝင်ရောက်လာခြင်းမှာ လွန်ခဲ့သည့် ၂၀၁၇ ခုနှစ်ခန့်မှဖြစ်ပြီး တရုတ်နိုင်ငံနှင့် ထိုင်း နိုင်ငံတို့မှ ဝင်ရောက်နေခြင်းဖြစ်ကြောင်း ဦးခိုင်ဝင်းက ဆက်လက်ဆိုသည်။ လက်ရှိ ဈေးကွက်အတွင်း ပြည်တွင်းမှ ထွက်ရှိသည့် ဘဲဥတစ်လုံးလျှင် ၁၅၀ ကျပ်ဖြင့်ရောင်းချပါက၊ ပြည်ပမှ ဝင်ရောက်လာသည့် ဘဲဥတစ်လုံးလျှင် ၁၁၀ ကျပ်မှ ၁၃၀ ကျပ်ဖြင့်သာ ရောင်းချသည့်အတွက် ပြည်တွင်းဘဲမွေးမြူရေး လုပ်ငန်းရှင်များမှာ အရှုံးခံမရောင်းနိုင်သည့်အတွက် လုပ်ငန်းရပ်နားမှုများ ရှိလာခြင်းဖြစ်သည်။ ပြည်ပကဝင်တဲ့ ဘဲဥက အရွယ်ကြီးတယ်။ဈေးအနေနဲ့ ချိုသာတယ်။ နောက်တစ်ချက်က ပြည်ပက ဘဲဥကို မုန့်လုပ်ငန်းတွေမှာ အသုံးများတယ် " ဟု ဘဲဥ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးသန်းဝင်းက ပြောသည်။

အဆိုပါ ဖြစ်ရပ်များကြောင့် ပြည်ပမှဘဲဥများ တရားမဝင် ဝင်ရောက်လာခြင်းကို တားဆီးပေးရန် ပြည်တွင်းဘဲမွေးမြူရေးလုပ်ငန်းရှင်များမှ တောင်းဆိုရန်စီစဉ်နေသည့်အပြင်၊ ယခုလ ၄ ရက်နေ့ကကျင်းပခဲ့သည့် မြန်မာနိုင်ငံမွေးမြူရေး

လုပ်ငန်းအဖွဲ့ချုပ် (ဗဟို) ၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲတွင်လည်း ဘဲမွေးမြူရေးမှာ ပြီးခဲ့သည့် နှစ်များအတွင်းကျဆင်းလာခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း ပြည်ပမှဘဲဥများ တရားမဝင်တင်သွင်းမှုများ ရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မျိုးကောင်းမျိုးသန့် ဘဲများအား အသားစားကြက်၊ ဥစားကြက်များကဲ့သို့ စီးပွားဖြစ်မွေးမြူနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင်ရန်နှင့် ပြည်ပမှဘဲဥများ တရားမဝင်တင်သွင်းခြင်းကိုတားဆီးနိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးထားကြောင်းသိရသည်။

**Source: amiamyanmar**

## Multilevel Marketing လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းအား တားမြစ်ကြောင်း ကြေညာပြီးနောက်ပိုင်း ဈေးကွက်အတွင်း ဆက်လက်ဆောင်ရွက်နေသည်ကိုတွေ့ရှိရသည့်အတွက် စုံစမ်းဖော်ထုတ်ခဲ့ပြီး လက်ရှိတွင်ကုမ္ပဏီတစ်ခုကို ဖမ်းဆီးထားကြောင်းသိရ

အများပြည်သူထိခိုက်စေသော ဆင့်ပွားဈေးကွက်ဖြန့်ချိရေးစနစ် (Multilevel Marketing) လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းအား တားမြစ်ကြောင်း ကြေညာပြီးနောက်ပိုင်း ဈေးကွက်အတွင်း ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် စုံစမ်းဖော်ထုတ်မှုများဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ကုမ္ပဏီတစ်ခုကိုဖမ်းဆီးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးကပြောကြားသည်။ မေ ၂၉ ရက်က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုများနှင့်ပတ်သက်၍ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် Multilevel Marketing ကို အသွင်ယူ၍ ဖမ်းခဲ့မှုတွင် ဘယ်လောက်မိခဲ့သလဲနှင့် ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံမှာ အမြစ်ပြတ်ပြီလားဆိုသည့် သတင်းထောက်တစ်ဦး၏မေးမြန်းမှုကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက အထက်ပါကဲ့သို့ ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

Multilevel Marketing ရဲ့ နောက်မှာကတော့ နည်းနည်းလေးဖိအားပေးပြီးတော့ ရောင်းချတဲ့သဘောမျိုးလေးတွေ ရှိပါတယ်။ အဲဒီတော့ နိုင်ငံတော်တော်များများမှာ Multilevel Marketing ကို သူကတရားမဝင်အဖြစ်နဲ့ သတ်မှတ်ထားပါတယ်။ အဲဒီတော့ Multilevel Marketing ရဲ့ Alternative အဖြစ်ကတော့ ဘာလဲဆိုရင် Direct Selling ပေါ့။ Internet ကနေပြီးတော့မှ တိုက်ရိုက် ရောင်းချတဲ့ လုပ်ငန်းတွေကလုပ်လို့ရပါတယ်။ လုပ်လို့ရတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ Direct Selling Law ကို ပြုစုထားပြီးဖြစ်ပါတယ်။ ပြုစုပြီးတော့ မကြာခင်မှာ လွှတ်တော်ကိုတင်ပြပြီးတော့ ဒါကိုဆောင်ရွက်သွားမှာဖြစ်ပါတယ်ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၈) ဖြင့် အများပြည်သူ ထိခိုက်စေသော ဆင့်ပွားဈေးကွက်ဖြန့်ချိရေးစနစ် (Multilevel Marketing) လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းကို တားမြစ်ကြောင်းကြေညာခဲ့ပြီး တိုက်ရိုက်ရောင်းချခြင်းဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆင့်ပွားဈေးကွက်ဖြန့်ချိသည့်စနစ်ကို တားမြစ်ထားသော်လည်း ဈေးကွက်အတွင်း ဆက်လက်ဆောင်ရွက်နေသည်များကို တွေ့ရှိရသည့်အတွက် စုံစမ်းဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးကပြောကြားသည်။

ဒုတိယဝန်ကြီးက အဲဒီတော့ Multilevel Marketing ကို လုပ်နေကြတဲ့အချိန်တုန်းကတော့ ပစ္စည်းတော်တော်များများက တင်သွင်းထားတယ်။ အဲဒါကို သိန်းနဲ့ချီပြီးဆောင်ရွက်နေတဲ့အတွက်ကြောင့်မို့လို့ နစ်နာဆုံးရှုံးမှုတွ ရှိတယ်လို့ ကျွန်တော်တို့ ကြားရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့တွေ သတင်းကြားတာကတော့ တိတ်တဆိတ်လုပ်နေတယ်လို့ ကြားတယ်။ ကြားတဲ့အခါကျတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အသွင်ယူပြီးတော့မှ စုံစမ်းပြီးတဲ့အခါကျတော့ သက်ဆိုင်ရာအာဏာပိုင်နဲ့ သွားရောက်ပြီးတော့မှ ဖမ်းဆီးမှုရှိပါတယ်။ ဒါကတော့ မကြာခင်မှာ သတင်းတွေထဲမှာ ပေါ်လာမှာဖြစ်ပါတယ်။ (ကုမ္ပဏီ ဘယ်နှခု ဖမ်းမိထားလဲ) အခုလောလောဆယ် ကျွန်တော်တို့ စပြီးဖမ်းတာကတော့ ကုမ္ပဏီတစ်ခုတည်းပါပဲဟု ပြောကြားသည်။ ထို့ပြင် ဝန်ကြီးဌာန အနေဖြင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် E-Trade Readiness Survey ကို UNCTAD အကူအညီဖြင့် ဆောင်ရွက်ခဲ့ပြီး E-Commerce ထူထောင်ရေး၊ ဆိုက်ဘာ

လုံခြုံရေး ဥပဒေတွင် E-Commerce ဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်နိုင်ရေးကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း Digital Economy Association အဖွဲ့တစ်ရပ်ကိုဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း ဒုတိယဝန်ကြီးကပြောကြားသည်။

**Source: news-eleven**

## ရှင်မတောင်သနပ်ခါးအသင်းဖွဲ့စည်းကာ ဈေးကွက်ဖော်ဆောင်ရေးကူညီသွားမည်



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်၊ ခရိုင်ရှင်မတောင်သနပ်ခါးအသင်းကိုဖွဲ့စည်းကာ ဈေးကွက်ဖော်ဆောင်နိုင်ရေးအတွက် ကူညီသွားမည်ဖြစ်ကြောင်း ခရိုင်စားသုံးသူရေးရာ ဦးစီးမှူးဦးသန်းဦးကပြောသည်။ အဆိုပါ ခရိုင်အသင်းမှ ဈေးကွက်ဖော်ဆောင်ရေးအဖွဲ့၊ စိုက်ပျိုးထုတ်လုပ်ရေးအဖွဲ့၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေးအဖွဲ့ဟူ၍ ဆပ်ကော်မတီများ ဆက်လက်ထားရှိရန်လိုအပ်ကြောင်းသိရသည်။

မြန်မာ့သနပ်ခါးကို မြန်မာကပဲ မူပိုင်ခွင့်ရရှိဖို့ ကြိုးပမ်းသွားမယ်။ မြန်မာ့သနပ်ခါးမှာ ရှင်မတောင်နဲ့ ရွှေဘိုသနပ်ခါးနှစ်မျိုးရှိတာမှာ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရမှာဖြစ်တယ်ဟု ၎င်းကဆက်လက်ပြောသည်။ ယင်းကဲ့သို့ သနပ်ခါးဈေးကွက် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြိုင်မြို့နယ်နှင့်ရေစကြိုမြို့နယ်တို့တွင် အသင်းများကို စတင်ဖွဲ့စည်းခဲ့ပြီးနောက် ပခုက္ကူ၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်တို့တွင် ဆက်လက်ဖွဲ့စည်းခဲ့ခြင်းကြောင့် မြို့နယ် ၅ ခုပေါင်း၍ ခရိုင်အသင်းအဖြစ် ယခုမေလ ၁၀ ရက်က ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။ အသင်းကို သနပ်ခါးအများဆုံးထုတ်လုပ်သည့် ရန်ကုန်တိုင်း၊မန္တလေးတိုင်း၊စစ်ကိုင်း၊ ရှမ်းပြည်နယ်မှ တောင်သူများ၊ သနပ်ခါးအလှကုန်ထုတ်လုပ်သော လုပ်ငန်းရှင်များစုပေါင်း၍ ဖွဲ့စည်းထားကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သနပ်ခါးအသီးမှ နလုံးအားတိုးဆေးထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြန်မာ့သနပ်ခါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် သနပ်ခါးအသင်းနှင့် HELVETAS Myanmar တို့ပူးပေါင်း၍ ဈေးကွက်ဖွံ့ဖြိုးလာစေရန်အတွက် ဇီဝထုတ်ကုန်အဖြစ်ရွေးချယ်ခြင်း၊ သနပ်ခါးကုမ္ပဏီများကို ကုန်စည်ပြပွဲများတွင် လေ့လာစေခြင်း အင်္ဂလန်ရှိကုမ္ပဏီများနှင့်ချိတ်ဆက်ပေးခြင်း၊ မြေဆီလွှာထိန်းသိမ်းနည်းပို့ချခြင်း၊ သနပ်ခါးပွဲတော်များကျင်းပခြင်း၊ သနပ်ခါးမျိုးရိုးဗီဇနှင့် ရိုးရာပညာထိန်းသိမ်းစောင့်ရှောက်ခြင်းစသည့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ၎င်းအပြင် သနပ်ခါးပင် စိုက်ပျိုးရေးတွင် မျိုးအဟောင်းများ နေရာတွင် မျိုးအသစ်များကိုပြောင်းလဲစိုက်ပျိုးလျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် သနပ်ခါးကို အရာတော်၊ ပခုက္ကူ၊ ရေစကြို၊ ပေါက်နှင့် မြိုင်စသည့်မြို့နယ် ၅ မြို့နယ်တွင် အများဆုံးစိုက်ပျိုးကြသော်လည်း တစ်နိုင်ငံလုံး၏ ၇၅ ရာခိုင်နှုန်းသည် အရာတော်မြို့နယ်မှ စိုက်ပျိုးထုတ်လုပ် ကာ သနပ်ခါးစိုက်ပျိုးမှုအပေါ်တွင် မှီခိုအသက်မွေးမှု ပြုလျက်ရှိကြောင်းသိရသည်။

**Source: amiamyanmar**

## အထွက်နှုန်းမြင့် ကြံစပ်မျိုး အသစ်များကို စမ်းသပ်စိုက်ပျိုး

တောင်သူများအတွက် လိုအပ်နေသည့် အထွက်နှုန်းမြင့် ကြံစပ်မျိုး လိုင်း (၁၀) မျိုးနှင့် စံထားမျိုး (၂) မျိုးကို စမ်းသပ်စိုက်ပျိုးထားကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှသတင်းရရှိသည်။ ယင်းအပြင် ကြံစိုက် တောင်သူများအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာ၍ အထွက်နှုန်းတိုးတက်ရေးအတွက် သုတေသနပြုဆောင်ရွက်လျက်ရှိပြီး

တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းတွင် ကြုံတွေ့ရမည့် ပြဿနာများကို သုတေသနပြုရှာဖွေဖော်ထုတ်ကာ ဖြေရှင်းသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်လွင်ဦးကဆိုသည်။ ရောဂါဒဏ်ခံနိုင်ရည်ရှိတဲ့ ကြံမျိုးကောင်း၊ မျိုးသန့်များ ရှာဖွေဖော်ထုတ်ရမယ့်အပြင် ကြံစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်ခုလုံးမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကိုဖော်ထုတ်ပြီး တောင်သူတွေကို အကူအညီပေးသွားမှာဖြစ်ပါတယ်ဟု ၎င်းကပြောသည်။ လက်ရှိတွင် ကြံသုတေသန စမ်းသပ်ကွက်သည် သက်တမ်း (၅) လအရွယ် ရောက်ရှိနေပြီဖြစ်ပြီး၊ လက်ရှိအခြေ အနေများအရ မျိုးလိုင်း (၁၁ - ၉၈၀၁) မှာ မှိုနံ့ ကျရောက်မှုကင်းပြီး၊ ကျန်မျိုးလိုင်းများထက် အဆစ်ထွက်စေသည်ကို တွေ့ရှိရပြီး တစ်ဧကလျှင် တန်ချိန် (၈၀) ထွက်နှုန်းနှင့် (၁၁- ၁၂၅၃၉) မျိုးမှာ တစ်ဧကလျှင် တန် ချိန် (၇၀) ခန့် ထွက်ရှိမည်ဟု အသီးသီးခန့်မှန်းထားကြောင်း သိရသည်။

နှစ်စဉ် ပြည်တွင်း၌ ကြံစိုက်ပျိုး ဧက ၅ သိန်း ဂန်းကျင်ခန့်ရှိပြီး အထွက်နှုန်းမှာ တန်ချိန် ၁၀ သန်းကျော်ရှိပြီး၊ တန်းမြင့်လည်ပတ်နေသည့် သကြား ကြိတ်ခွဲစက်ရုံပေါင်း ၂၂၃ ရုံမှ နှစ်စဉ် သကြားဖြူ၊ သကြားညို တန်ချိန် ၄ သိန်း ဂန်းကျင်ခန့် ထုတ်လုပ်လျက်ရှိကြောင်းသိရသည်။ လက်ရှိ ပြည်တွင်း ကြံစိုက်ပျိုး ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ပြည်ပနိုင်ငံများထက် မြင့်မားနေသော် လည်း တစ်ဧကလျှင် ကြံတန်ချိန် ၂၀ ခန့်သာ ထွက်ရှိသည်။ ပြည်ပနိုင်ငံများတွင် ကြံတစ်ဧကလျှင် တန်ချိန် ၃၅ ခန့်ထိ ထွက်ရှိခြင်းကြောင့် အထွက်နှုန်းမြင့် မျိုးကောင်း၊ မျိုးသန့်များရရှိစိုက်ပျိုးကြရန် လိုအပ်နေကြောင်း စိုက်ပျိုးရေး ဦးစီးဌာနက ဆိုသည်။

ပြည်တွင်း ကြံ၊ ကြံသကာ၊ ထန်းလျက်၊ သကြားနှင့် သကာရည် စားသောက်ကုန် ပစ္စည်းများ စိုက်ပျိုးထုတ်လုပ်မှုနှင့် အန္တရာယ်ကင်းသော ဈေးကွက်ဝင် အရည်အသွေးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်ထုတ်ပိုး၊ ဖြန့်ဖြူးရောင်းဝယ် ဖောက်ကားမှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် နည်းပညာနှင့်ငွေကြေးထောက်ပံ့မှုများလိုအပ်နေကြောင်း ကြံစိုက်တောင်သူများနှင့် ကုန်သည်များကဆိုသည်။

**Source: amiamyanmar**

## မြန်မာနိုင်ငံမှ ပဲကို အိန္ဒိယနိုင်ငံသို့ ဖွန်လမှစတင်ပြီး ကိုတာစနစ်ဖြင့် တစ်နှစ်တာတင်ပို့ခွင့်ရ

မြန်မာနိုင်ငံမှပဲကို အိန္ဒိယနိုင်ငံသို့ ဖွန်လမှစတင်ပြီး ကိုတာစနစ်ဖြင့် တစ်နှစ်တာတင်ပို့ခွင့်ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။ အိန္ဒိယကို ပဲတင်ပို့ခွင့်ရဖို့ အစိုးရချင်း အပြန်အလှန် အကြိမ်ကြိမ်ဆွေးနွေးတယ်။ လုပ်ငန်းရှင်တွေကလည်း အိန္ဒိယဘက်ကို သွားရောက် ဆွေးနွေးတယ်။ အိန္ဒိယဘက်ကလည်း ပဲတင်ပို့မှုအနေနဲ့ ဖွန်လကစတင်ပြီး တစ်နှစ်ပတ်လုံး အိန္ဒိယကိုတင်ပို့ခွင့်ကို တာပေးထားပါတယ်။ ဒါကြောင့် ဒီကိုတာပေါ်မှာ ကျွန်တော်တို့အနေနဲ့ တစ်ဖက်က အာဖရိကတင်သွင်းတဲ့ လုပ်ငန်းရှင်တွေနဲ့ အပြိုင်အဆိုင် ကြိုးစားရမှာ ဖြစ်ပါတယ်။ ဒါကပဲတင်ပို့တဲ့ လုပ်ငန်းရှင်၊ စိုက်ပျိုးတဲ့လုပ်ငန်းရှင်တွေအတွက် အရေးကြီးပါတယ်ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။ မြန်မာနိုင်ငံ၏ ပဲဈေးကွက်သည် အိန္ဒိယပေါ်တွင်သာ မှီခိုနေရသည့်အတွက် လွန်ခဲ့သည့် နှစ်များတွင် အိန္ဒိယနိုင်ငံ၏ ပဲအထွက်များခဲ့ပြီး နိုင်ငံ၏မူဝါဒ အပြောင်းအလဲများကြောင့် မြန်မာနိုင်ငံမှ ပဲဝယ်ယူမှု လျော့နည်းသွားခဲ့သည်။ ထို့ကြောင့် လယ်သမားများ၊ ကုန်သည် လုပ်ငန်းရှင်များ ထိခိုက်နစ်နာမှုများစွာရှိခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံ အနေဖြင့် အိန္ဒိယနိုင်ငံမှ ဝယ်ယူမည့် ကိုတာကိုသာရရှိထားပြီး ဝယ်ယူမည့် ပုံစံကို မသိရှိရသေးကြောင်းသိရသည်။ မြန်မာ့ပဲတီစိမ်းသည်လည်း အလားအလာကောင်းသည့် အခြေအနေတွင်ရှိနေပြီး ကိုရီးယား၊ ဂျပန်နိုင်ငံတို့က ဝယ်ယူမှုများမည်ဖြစ်ကြောင်း သိရသည်။



**Source: pyimyanmarnews**

## ဗီယက်နမ်ကုမ္ပဏီ Vingroup ထုတ် စမတ်ဖုန်းတွေမြန်မာနိုင်ငံမှာစတင်ရောင်းချ

ဗီယက်နမ်ရဲ့ အကြီးဆုံးသော ပုဂ္ဂလိကပိုင် လုပ်ငန်းကော်ပိုရေးရှင်းကြီးတစ်ခုဖြစ်တဲ့ Vingroup က ယင်းရဲ့ Vsmart စမတ်ဖုန်းတွေကို မေလ ၂၉ ရက်ကစလို့ မြန်မာနိုင်ငံမှာ စတင်ရောင်းချနေပြီဖြစ်ကြောင်းသိရပါတယ်။ ဒါဟာ ကုမ္ပဏီရဲ့ ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းချဲ့ထွင်မှုမဟာဗျူဟာ တစ်စိတ်တစ်ပိုင်းအရ လုပ်ဆောင်ခြင်းဖြစ်တယ်လို့သိရပါတယ်။ မြန်မာနိုင်ငံက အဓိက အီလက်ထရောနစ် လက်လီလုပ်ငန်း Strong Source ရဲ့ ဆိုင်ပေါင်း ၁,၅၀၀ ခန့်ကနေတဆင့် Vsmart ဖုန်း မော်ဒယ် လေးမျိုးကို ဖြန့်ဖြူးရောင်းချသွားမှာ ဖြစ်ကြောင်း Vingroup က ထုတ်ပြန်ပါတယ်။

တစ်ချိန်တည်းမှာလည်းပဲ ဗီယက်နမ်ကုမ္ပဏီအနေနဲ့ အခြားသော online retailers တွေဖြစ်တဲ့ Mytel (ဗီယက်နမ်တယ်လီကွန်းကုမ္ပဏီ Viettel ရဲ့လုပ်ငန်းခွဲ) နဲ့ Shop.com (တရုတ်အွန်လိုင်းရှော့ပင်းကုမ္ပဏီ Alibaba ရဲ့လုပ်ငန်းခွဲ) တို့နဲ့လည်း ပူးပေါင်းလုပ်ဆောင်သွားမယ်လို့သိရပါတယ်။ မြန်မာက ဈေးကွက်အလားအလာတွေ အများကြီးရှိနေတဲ့ ဈေးကွက်တစ်ခုဖြစ်ပါတယ်၊ ပြီးခဲ့တဲ့နှစ်တွေအတွင်း နည်းပညာထုတ်ကုန်တွေကို ဝယ်ယူအားပေးမှုကလည်း မြန်မြန်ဆန်ဆန် တိုးတက်ကြီးထွားနေခဲ့ပါတယ်၊ Vsmart ကတော့ ဒီဈေးကွက်ရဲ့ ထိပ်တန်းစမတ်ဖုန်း အမှတ်တံဆိပ်တစ်ခုဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်ဆိုပြီး VinSmart ရဲ့ deputy CEO ဖြစ်တဲ့ Nguyen Thi Bich Phuong က ပြောသွားပါတယ်။

**Source:** https://www.facebook.com/SFJWeekly/posts/2446387268781884?__tn__=K-R

## အသစ်ဝင်လာသည့် နှမ်းဖြူဈေးကောင်းရ

မန္တလေးနှမ်းဈေးကွက်သို့ ဝင်ရောက်လာသော နှမ်းဖြူအသစ်များမှာ ဝယ်လိုအားကောင်း၍ ဈေးကောင်းရနေပြီး ယခင်နှစ်ထက် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်ငါးသောင်းကျော်ဈေးပိုရနေကြောင်း မန္တလေးနှမ်းကုန်သည်များထံမှ သိရသည်။ ယခင်နှစ် မေလ၂၆ရက်က နှမ်းဖြူအသစ်(အဆင့်-၁) သုံးတင်းဝင်တစ်အိတ်လျှင် ၁၂၅၀၀၀ကျပ်မှ ၁၃၀၀၀၀ကျပ် သာပေါက်ဈေးရှိခဲ့ပြီး ယခုနှစ် မေလ၂၃ရက်တွင် နှမ်းဖြူသစ်သည် ၁၇၇၀၀၀ကျပ်မှ ၁၈၂၀၀၀ကျပ်ကြား ဈေးပေါက်နေကြောင်းသိရသည်။

လက်ရှိတွင် ဈေးကွက်အတွင်း နှမ်းအဟောင်းများ ပစ္စည်းလက်ကျန်နည်းပါးနေသောကြောင့် အသစ်ဝင်နှမ်းများ ဝယ်လိုအားကောင်းကာ ဈေးကောင်းနေခြင်းဖြစ်သည် ဟု နှမ်းကုန်သည်တစ်ဦးကပြောသည်။ ဒီဈေးကငြိမ်နေဦးမယ်။ လောလောဆယ်ဈေးမကျနိုင်ပါဘူး။ နောက်လာမယ့် ဇူလိုင်လပိုင်းမှာ ဒေသအစုံကဝင်တဲ့အချိန်တော့ ဝယ်လိုအားကို စောင့်ကြည့်ရမယ်ဟု ၄င်းကပြောသည်။ ယခုနှစ်တွင် နှမ်းစတင်ကြဲပြီးချိန်မှစကာ မိုးရွာသွန်းမှုမရှိသဖြင့် နှမ်းပင်များ ပျက်စီးမှုရှိလာခြင်းကြောင့် ရေသွင်း၊ ရေဖြန်းစိုက်ပျိုးရသဖြင့် စိုက်ပျိုးစရိတ်ပိုလာကြောင်း ဇွန်လဆန်းတွင် နှမ်းဖြူသစ်များ လှိုင်လှိုင်ထွက်ရှိလာမည်ဖြစ်ကြောင်း မတ္တရာမြို့နယ်မှ နှမ်းစိုက်တောင်သူ ဦးမြင့်လွင်ကပြောသည်။

မနှစ်ကလည်းနှမ်းက မိုးကြောင့်တော်တော်ပျက်စီးခဲ့တယ်။ ဒီနှစ်လည်း နှမ်းကြဲပြီးကတည်းကနောက် မိုးမလိုက်လာလို့ အပင်တွေသေမလိုဖြစ်လို့ ရေသွင်း၊ ရေဖြန်းပြီး မနည်းပြုစုထားရတယ်။ မနှစ်ကတော့ တစ်ဧက ၁၀ တင်း နှုန်း ထွက်ပေမယ့် ဒီနှစ်တော့ ပိုထွက်နိုင်တယ်။ ရေသွင်းရေတင်လုပ်ရလို့ စရိတ်ပိုပေမယ့် နှမ်းဈေးကောင်းနေတော့ နှမ်းတောင်သူတွေ အမောပြေတာပေါ့ ၄င်းကပြောသည်။

**Source: The Farmer Journal**

https://www.facebook.com/myanmaawba/?ref=page_internal

## ပဲခူးတိုင်းဒေသကြီး သမဂ္ဂါယမအသင်းမှ စပါးတင်းတစ်ရာလျှင် ကျပ်ငါးသိန်းဈေးပေးဝယ်နေ

ယခုနှစ် နွေစပါးဈေးမှာ တင်းတစ်ရာလျှင် ကျပ်လေးသိန်းခွဲခန့်သာရှိနေသဖြင့် ပဲခူးတိုင်းဒေသကြီး သမဂ္ဂါယမ အသင်းမှ စပါးတင်းတစ်ရာလျှင် အခြေခံဈေးနှုန်း ကျပ်ငါးသိန်းထိပေးကာ ဝယ်ယူလျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှသတင်းရရှိသည်။ တောင်သူတွေဆီကနေ အစိုဓာတ် ၁၄ ရာခိုင်နှုန်းနဲ့ ဖုန်၊ သဲ၊ ခဲ ကင်းစင်ရင် သတ်မှတ်ဂိုဒေါင်အရောက် ကျပ်ငါးသိန်းဈေး ပေးဝယ်ယူနေတယ်။ တောင်ငူခရိုင်၊ ပြည်ခရိုင်နဲ့ သာယာဝတီခရိုင်ကနေ စပါးတင်းပေါင်း ၇၅,၀၀၀ ကျော် ဝယ်ယူထားပြီးပြီဟု ယင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

ဒေါက်တာအောင်သူကပြောသည်။ လက်ရှိဖြစ်ပေါ်နေသော စပါးဈေးနှုန်းများအရ တောင်သူလယ်သမားများ ကြုံတွေ့နေရသော အခက်အခဲများ ဖြေရှင်းနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး၊ ယာယီအစီအစဉ်အနေဖြင့် သမဂါယမအသင်းများမှ သင့်တင်သောဈေးဖြင့် ဝယ်ယူပေးနေခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ဆိုသည်။ အခြေခံစပါးဈေးနှုန်း ထုတ်ပြန်ကြေညာတဲ့စနစ်က မြန်မာနိုင်ငံအတွက် အစိမ်းသက်သက်ပါ။ အခြေခံ စပါး ဈေးနှုန်း မကြေညာခင်က အခြေခံစပါး ဈေးနှုန်းကို ဘယ်လိုထုတ်ပြန်မယ်၊ အခြေခံစပါးဈေးနှုန်းအောက်ကို စ ပါးဈေး မဖြစ်အောင် ဘယ်လိုလုပ်မယ်ဆိုတဲ့ အစီအစဉ်တွေ ဆန်စပါးအသင်းချုပ်ကနေတင်ပြတာတွေရှိပါတယ်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

တစ်နှစ်လျှင် ဆန်တန်ချိန် ၁၄ သန်းအထိ စိုက်ပျိုးထုတ်လုပ်နေသော မြန်မာ့တောင်သူ လယ်သမားများအ တွက် စပါးဈေးနှုန်း အာမခံချက်ရရှိရေး လိုအပ်နေသည်။ ပြီးခဲ့သည့် ၂၀၁၈ မတ်လက စပါးတင်း တစ်ရာလျှင် ကျပ် ငါးသိန်းအား အခြေခံရည်ညွှန်း စပါးဈေးအဖြစ် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF) မှ သတ်မှတ်ထုတ်ပြန်ပေးခဲ့သည်။ မြန်မာနိုင်ငံ၌ မိုးရာသီတွင် စပါး စိုက်ဧက ၁၆ သန်းကျော်၊ နွေရာသီတွင် စပါးသုံးသန်းကျော်ခန့် စိုက်ပျိုးထုတ်လုပ်နေသည့်အတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းမှာ လယ်သမားများကို တစ်စုံတစ်ရာ အာမခံချက်ပေးနိုင်သည့် ဈေးနှုန်းဖြစ်သည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပုဂ္ဂလိကကုန်သည်/စက်ပိုင်များ၊ ကုမ္ပဏီများကို ဦးဆောင်စည်းရုံး၍ လုပ်ကွက်ငယ် တောင်သူလယ်သမားအများစု စိုက်ပျိုးထုတ်လုပ်သောစပါးများကို စပါးပေါ်ချိန်တွင် ဈေးကောင်းရရှိရေးအတွက်လည်းကောင်း၊ ပြည်တွင်းပြည်ပဈေးကွက်တွင် တိုးမြှင့်တင်ပို့ရောင်းချနိုင်ရေးအတွက်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။ လက်ရှိထုတ်ပြန်ထားသည့် အခြေခံစပါးဈေးနှုန်းသတ်မှတ်ချက်ကိုလည်း တောင်သူလယ်သမားများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်၊ အကျိုးအမြတ်၊ ပြည်တွင်းဈေးကွက်ဈေးနှုန်းများ၊ နိုင်ငံတကာဈေးနှုန်းများစသော အခြေအနေများကို မျက်ခြေမပြတ်လေ့လာသုံးသပ်ကာ သက်ဆိုင်ရာစိုက်ပျိုးထုတ်လုပ်မှု ရာသီအတွက်ဖြစ်သင့်သော အခြေခံဈေးနှုန်းကို ရာသီအလိုက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှဆိုသည်။

**Source: amiamyanmar.com**

## Thura News Views

**Priority projects' announced by Yangon Government**

The Yangon Regional Government has announced plans for what it calls 80 priority projects in the region. According to an article in Myanmar Business Today, it is expected to include several sectors, including real estate, industrial zones, roads, ports and other infrastructure projects. One of the priority projects listed is the planned multi-billion-dollar New Yangon City Project in western Yangon, as well as a planned ring road project in the commercial capital, and an "Eco Green City Project", the report said. "These projects are for the development of Yangon Region, and will further the entire nation's interests," U Phyo Min Thein, Yangon Region Chief Minister, was quoted as saying. "We are prepared to start work using various project funding sources," he said, referring to the state budget, multilateral and bilateral development assistance and public-private partner-ship schemes.

**Toyota to establish assembly plant at Thilawa SEZ**

Japanese car manufacturing giant Toyota Group is to begin work at an assembly plant at the Thilawa Special Economic Zone (SEZ) on the outskirts of Yangon, according to an article in the Myanmar Times. An unnamed source says the company will invest "several billion yen" in the facility, which will manufacture pick-up trucks through semi-knockdown production, with an official announcement expected by the end of May. The article said that Toyota currently exports about 2000 passenger and commercial vehicles per year to Myanmar, and is building its factory because it expects strong economic growth in the future. The move comes shortly after the government said it would prioritize left-hand

drive vehicles in Myanmar, due to safety concerns about the prevalent use of right-hand drives on Myanmar roads. Many of the Toyota vehicles currently imported into Myanmar are right-hand drives.

**Sumitomo and KDDI to enter Myanmar mobile games market**

Japanese firms KDDI Corp and Sumitomo Corp are planning to enter into Myan-mar's mobile games market, through a partnership with the state-owned Myanma Posts and Telecommunications. According to an article in the Myanmar Times, the two companies will form a joint-venture Funcreate Myanmar. The first title of the venture to be launched is Puzzle TanTan Myanmar, a KDDI spokesperson was quoted as saying. The companies have said they plan to launch more than 10 "locally suited Japanese and other foreign titles" by March 2012. Targeted are more than 1 million downloads.

**Singapore VC Majuven backs Myanmar's Daung Capital**

Myanmar-focused financing platform Daung Capital has announced the final close of its undisclosed Series A invest-ment round this week. Majuven, an early- and growth-stage venture capital firm from Singapore is the new investor in the company. The deal marks Majuven's first investment in Myanmar. With the Series A round now closed, Daung Capital's post-money valuation has reached SGD 16.5 million (USD 11.9 million). Daung Capital allows Myanmar users to purchase motor vehicles and electronics goods through a rent-to-own agreement. People can rent a product for a specific time with an option of subsequently purchasing it. The platform also provides corporate financing for Myan-mar SMEs and cash advances for salaried workers. The startup claims it has financed about 2,900 motorbikes in the country and has got about 3,500 active borrowers.

**Source: Thura Swiss News (Issue 367 May 30, 2019)**

## STOCK EXCHANGE (31.5.19)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 31st May. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,500 | 11,000 | 518 | 5,700,500 | 27,112,747 | 298,240 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 1,150 | 3,665,000 | 38,929,150 | 124,573 |
| MCB | 00003 | 7,700 | +100 | +1.32% | 7,700 | 7,700 | 7,700 | 20 | 154,000 | 10,400,986 | 80,088 |
| FPB | 00004 | 22,000 | -500 | -2.22% | 22,500 | 22,500 | 22,000 | 15 | 331,000 | 2,472,053 | 54,385 |
| TMH | 00005 | 3,000 | +50 | +1.69% | 3,000 | 3,000 | 3,000 | 30 | 90,000 | 12,212,906 | 36,639 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.03 | +1.73 | +0.40% | 433.75 | 444.96 | 433.75 | 1,733 | 9,940,500 | 5 | 593,925 |


**Index chart**




# Market Overview

As of 1:00 pm, 31st May. 2019

| MYANPIX | 435.03 ▲ 1.73 |
|---|---|
| Total Volume (shares) | 1,733 |
| Total Value (MMK) | 10 mil |
| Listed Company | 5 |
| Market Cap. (MMK) | 593,925 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 100 |
| FPB | 00004 | 22,000 | ▼ 500 |
| TMH | 00005 | 3,000 | ▲ 50 |